## သမ္မာကျမ်းဆိုင်ရာအတွေးအမြင်



ကျွန်ုပ်တို့အတွက်ယေရှုအသေခံခြင်းဆိုသည်မှာ ယခုကာလ၌မည်သို့အဓိပ္ပာယ်ရှိပါသနည်း။
ကျမ်းစာထဲရှိသမိုင်းကြောင်းဖော်ပြချက်များတွင် လူများမတရားခံရခြင်း၊ စစ်ပွဲ၌သေဆုံးထိခိုက်ခြင်း၊
မသေသင့်ဘဲနှင့်စောစီးစွာသေဆုံးရခြင်း အစရှိသည့် ဇာတ်ကြောင်းများဖြင့်ပြည့်နှက်လျက်ရှိသည်။
ယေရှုကိုယ်တိုင်လည်း ဤသို့သောအရာများနှင့်ကြုံတွေ့ခဲ့ရသည်။ အုပ်စိုးသူများကို အမှန်တရားအတိုင်း
ရင်ဆိုင်ပြောဆိုခဲ့သည့်အတွက် ယေရှုသည်ရိုက်နှက်ခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ အသေသတ်ခံရသည်
အထိကြုံတွေ့ခဲ့ပါသည်။ သစ်တိုင်ပေါ်တွင် သံမှိုဖြင့်စွဲထားလျက် သူ၏မိခင်နှင့်ချစ်ခင်ရသူများ၏ရှေ့မှောက်
တွင် အသေသတ်ခံခဲ့ရသည်။
ယေရှု၏ဇာတ်လမ်းကိုသင်သိသည်။ သို့သော် ယနေ့ခေတ်ကာလနှင့်မည်သို့သက်ဆိုင်ပါသနည်း။
ဘုရားသခင်သည် ယေရှု၏အသက်တာ၊ အသေခံခြင်းအားဖြင့် မိမိ၏ဖြစ်တည်ခြင်းကိုဤလောကသို့
ဖော်ပြခဲ့သည်ဟု ကျမ်းစာကသွန်သင်ထားပါသည်။ "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍
ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်း ကောင်းပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်
ဖြစ်၍ ခမည်းတော်၌တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့သူ၏ဘုန်းတော်ကိုငါတို့သည်မြင်ရကြပြီ"
ဟူ၍တမန်တော်ယောဟန်ကရေးသားခဲ့သည်။ (ယောဟန် ၁း၁၄)
ယေရှုကို လူကောင်းတစ်ယောက်၊ ဆရာတစ်ပါး၊ ကြင်နာတတ်သောသမားတော်၊ ဖိနှိပ်ခံသူတို့အတွက်ရပ်
တည်ပေးသူ၊ အပယ်ခံသူတို့၏မိတ်ဆွေအဖြစ် ထိုခေတ်ကလူတို့ သိမှတ်ထားကြသည်။ ယေရှုကိုယ်တိုင်
ဆင်းရဲစွာမွေးဖွားလာခဲ့ပြီး သူ့တစ်ဘဝလုံးတွင်လည်း အဖိနှိပ်ခံသူတို့နှင့်
တစ်သားတည်းရပ်တည်ကာရှင်သန်ခဲ့ သူဖြစ်သည်။
ဤမျှလောက်နှင့်မပြီးသေးပါ။
ယေရှု၏အသက်တာနှင့် အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့လူသားများကို ဘုရားသခင်က "သင်တို့၏ဒုက္ခကို
ငါသိမြင်၏။ ငါဂရုပြုသည်။ ထို့ကြောင့်ကူညီပေးမည်"ဟုပြောနေသည့်အတိုင်းပင်ဖြစ်သည်။

ဤအဓိပ္ပာယ်ကို ပေါ်လွင်ရန် "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည်မိမိ၌တစ်ပါးတည်းသော သားတော်ကိုစွန့်တော်မူ သည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဟုရှင်ယောဟန်က ရေးသားခဲ့သည်။
ယေရှုရှင်ပြန်ထမြောက်ပြီးမှသာ သူသည်ဘုရားသားဖြစ်သည်၊ သူ့အားဖြင့်ဘုရားက လူသားတို့ကိုကယ်တင် ခြင်းဖြစ်သည်ဟူသောအရာကို ကျွန်ုပ်တို့အပြည့်အဝနားလည်ခဲ့ရခြင်းဖြစ်သည်။ ယေရှုအသေခံခြင်းကို ကြည့်ပြီး ဘုရားသခင်၏မေတ္တာကိုသိလာရသည်။ထို့အပြင် ယုံကြည်သူများကိုယေရှုနှင့်နီးစပ်စေလိုကြောင်း ဘုရားသခင်အလိုရှိသည်ကို ကျွန်ုပ်တို့နားလည်ရသည်။ ယေရှုအားဖြင့်ဘုရားသခင်ကိုသိမြင်သောသူ၊ ယေရှုကို ကယ်တင်ရှင်အဖြစ်လက်ခံယုံကြည်သောသူတို့အတွက် ဘုရားရှင်ပြင်ဆင်ထားသည်မှာ အပြစ်လွတ်ခြင်းနှင့် ထာဝရအသက်ဖြစ်သည်။
ယခုချိန်တွင် မသေချာမှု၊ကြောက်ရွံ့မှုများနှင့် သင်တို့ရင်ဆိုင်နေရသည်ကို ကျွန်ုပ်သိပါသည်။
စိတ်ပူပန်၍စိတ် ပျက်နေမည်ကိုလည်း ကျွန်ုပ်သိသည်။ တတ်နိုင်သမျှကူညီရန်ဆန္ဒရှိသော်လည်း အဖြေမရှိ၊ အနာဂတ်ကိုမသိ ဖြစ်နေပါသည်။ သို့သော် ယေရှုထံမျှော်ကြည့်ရန် ကျွန်ုပ်လမ်းညွှန်ပေးနိုင်ပါသည်။
ထိုယေရှုသည် ဘုရားသား၊ စစ်မှန်၍ကျေးဇူးတရားနှင့်ပြည့်နှက်သည်၊
ဆင်းရဲသားအဖိနှိပ်ခံသူတို့ဖက်မှရပ်တည်ပေးသူဖြစ်သည်၊ သူကိုယ် တိုင်မတရားမှုကို ခံယူ၍အသေခံခဲ့သည်။ သို့သော် ဘုရား၏ဖြစ်တည်မှုနှင့် ဘုရား၏မေတ္တာကို စစ်မှန်စွာ ယေရှု ပြသခဲ့သည်။
ထာဝရကယ်တင်ခြင်းရရှိရန် ဘုရားပြင်ဆင်ပေးသော စစ်မှန်သည့်အရာမှာ ယေရှုတစ်ပါး တည်းသာဖြစ်သည်။
"ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင် သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏" (ရောမသြဝါဒစာ ၅း၈)
ခရစ်တော်၏ချစ်ခြင်းမေတ္တာအားဖြင့်
ဦးထင်ကျော် @ Dr. Tim
သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။